# လျှင်ဒဏ်သင့်ပြည်သူများအတွက်
# ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံသို့
# အရေးပေါ်အကူအညီများပေးအပ်ခြင်း

၁။ မတ်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံ၌လှုပ်ခတ်ခဲ့သော လျှင်ကြောင့် ဖြစ်ပေါ် ခဲ့သည့် မြောက်မြားစွာသောထိခိုက်ပျက်စီးမှုများကို ကူညီဆောင်ရွက်ရန် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှတစ်ဆင့် သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ် ရေးဆိုင်ရာကျွမ်းကျင်ပညာရှင်များအဖွဲ့ကို ကနဦးအနေဖြင့် မြန်မာနိုင်ငံသို့စေလွှတ်ရန် ၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ဂျပန်နိုင်ငံအစိုးရက ဆုံးဖြတ်ခဲ့ပါသည်။ သက်ဆိုင်ရာ JICA ဝန်ထမ်းနှင့် ဆေးဘက်ဆိုင်ရာပညာရှင်များအပါအဝင် အဖွဲ့ဝင် ၅ ဦးပါဝင်သော အဆိုပါအဖွဲ့ သည် လက်ရှိမြေပြင်အခြေအနေလိုအပ်ချက်များနှင့် လုံခြုံရေးအခြေအနေများကို ကြည့်ရှုသုံး သပ်ပြီးနောက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ (JDR) ကို စေလွှတ်ရေးအတွက် ညှိနှိုင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ အဆိုပါအဖွဲ့ သည် မတ်လ ၃၀ ရက်နေ့တွင် ဂျပန်နိုင်ငံမှ ထွက်ခွာမည်ဖြစ်ပါသည်။

၂။ ထို့အပြင် ဂျပန်အစိုးရသည် လျှင်ဒဏ်သင့်ပြည်သူများအတွက် အခြေခံလိုအပ်သော ပစ္စည်းများအပါအဝင် အရေးပေါ်ကူညီကယ်ဆယ်ရေးဆိုင်ရာပစ္စည်းများကို JICA မှတစ်ဆင့် ထောက်ပံ့ပေးအပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ ဂျပန်နိုင်ငံအစိုးရသည် လူသားချင်းစာနာထောက်ထားသည့်အနေဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံသူနိုင်ငံသားများနှင့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးအရလည်းကောင်း လျှင်

ဒဏ်သင့်ပြည်သူများအတွက် အရေးပေါ်ကူညီကယ်ဆယ်ထောက်ပံ့ရေးကို လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။

(ကိုးကားချက်)

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက် မွန်းလွဲ ၁၂ နာရီ ၅၀ မိနစ်ခန့် (ဂျပန်စံတော်ချိန် ၁၅နာရီ ၂၀ မိနစ်ခန့်) ဝန်းကျင်တွင် လှုပ်ခတ်ခဲ့သောငလျင်သည် သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာရသူများ အပါအဝင် မြောက်မြားစွာသောနစ်နာသူများနှင့် ရုပ်ဝတ္ထုပစ္စည်းဆိုင်ရာပျက်စီးမှုများအပါ အဝင် ထိခိုက်ပျက်စီးမှုအများအပြားကို ဖြစ်ပေါ်စေခဲ့ပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံပိုင်မီဒီယာ များ၏ထုတ်ပြန်မှုအရ မတ်လ ၂၉ ရက်နေ့ ညပိုင်းအချိန်အထိ သေဆုံးသူ ၁,၆၄၄ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၃၄၀၈ ဦး၊ ပျောက်ဆုံးနေသူ ၁၃၉ ဦး ရှိကြောင်းသိရပါသည်။ ကျန်ရှိနေသောငလျင်ဒဏ်သင့်ဒေသများတွင် ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင် နေဆဲဖြစ်သောကြောင့် ထိခိုက်နစ်နာသူအရေအတွက် ပိုမိုတိုးပွားလာနိုင်ဖွယ်ရှိပါသည် ။